စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈-၂၀၂၉ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက် အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။


ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင် ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက် မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


စက်တင်ဘာလ၊ ၂၀၂၄ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျက်ဆူတောကျေးရွာ
အုတ်ဖိုမြို့နယ်

အုတ်ဖိုမြို့နယ်၊သရက်ကုန်းကျေးရွာအုပ်စု၊ကျက်ဆူတောကျေးရွာ၏
သယံဇာတပြမြေပုံ




အုတ်ဖိုမြို့နယ်၊သရက်ကုန်းကျေးရွာအုပ်စု၊ကျက်ဆူတောကျေးရွာ၏ ရာသီခွင်ပြပုံ



အုတ်ဖိုမြို့နယ်၊သရက်ကုန်းကျေးရွာအုပ်စု၊ကျက်ဆူတောကျေးရွာ၏အဖွဲ့အစည်းများနှင့်

ချိတ်ဆက်မှုပြပုံ



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကျက်ဆူတောကျေးရွာသည် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၏ အနောက်ဘက်တွင် တည်ရှိသည့်ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ကျက်ဆူတောကျေးရွာ၏ အရှေ့ဘက်တွင် အုတ်ဖိုမြို့၊ မြောက်ဘက်တွင် နန္ဒင်းကုန်းကျေးရွာ ၊တောင်ဘက်တွင် မတောင့်တကျေးရွာတည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

အုတ်ဖိုမြို့နယ်၊ ကျက်ဆူတောကျေးရွာ၏ ရွာသီဥတုမှာ ယေဘူယျအားဖြင့် အပူပိုင်း မုတ်သုံရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်မှာ (၃၁.C)နှင့် အနိမ့်ဆုံးအပူချိန်မှာ (၂၆C)ရှိပါသည်။ တစ်နှစ်ပျှမ်းမျှမိုး ရေချိန်မှာ (၅၀")ခန့် ရှိပြီး မိုးအများဆုံးရွာသွန်းသောလမှာ ဝါဆိုလနှင့် ဝါခေါင်လတို့ဖြစ် ပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

အုတ်ဖိုမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊ ကျက်ဆူတောကျေးရွာတွင် အိမ်ထောင်စု (၄၉၉)စု၌ ကျား (၉၁၂)ဦး၊ မ(၁၀၂၀)ဦး၊ စုစုပေါင်း လူဦးရေ (၁၉၃၂)ဦးရှိပြီး (၁)အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၄)ဦးခန့် နေထိုင်လျက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်လူဦးရေမှာ ကျေးရွာရှိ လူဦးရေ၏ (၆၆.၆%)ဖြစ်ပြီး လုပ်သားအင်အားရရှိမှုများပါသည်။ ၎င်းအလုပ်လုပ်နိုင်သောသူများကို အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု အတတ်ပညာများ ထောက်ပံ့ပေးခြင်း၊ တစ်နိုင်တစ်ပိုင် လုပ်ငန်းများ ထူထောင်ပေးနိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုး ရေးအတွက် အလားအလာကောင်းများရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ်တွင် အမျိုးသား အလုပ်လုပ်နိုင်သော လူဦးရေထက် အမျိုးသမီးအလုပ် လုပ်နိုင်သော လူဦးရေမှာ ပိုမိုများပြားပါ သည်။ အသက် (၆၄) နှစ်နှင့်အထက် သက်ကြီးရွယ်အိုလူဦးရေမှာ ကျေးရွာရှိလူဦးရေ၏(၁၀%)ရှိပြီးကျန်းမာရေးမှာ အသင့်အတင့်ကောင်း မွန်ကြပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

အုတ်ဖိုမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊ ကျက်ဆူတောကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့များရှိပြီး သက်ဆိုင်ရာလုပ်ငန်းများအလိုက် တက်ကြွစွာဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အရပ်ဘက်လူမှုအဖွဲ့ အစည်းများကြား ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်မှုသည် အသင့်အတင့်ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာအတွင်းရှိ ပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ ရပ်မိရပ်ဖများ၏ သြဇာသက်ရောက်မှု များကြောင့် ကျေးရွာအကျိုးအဖွဲ့လိုက်ဆောင်ရွက်မှုများတွင် အောင်မြင်ထိရောက်မှု အသင့်အတင့် ရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါသော်လည်း ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ပတ်သက်သော အသိအမြင်ဗဟုသုတများ အပိုင်း(ဥပမာ– အဖွဲ့အစည်း များ ဆိုင်ရာသဘောတရားများ)တွင် လိုအပ်ချက်များ ရှိနေသေးလျက် ရှိပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

အုတ်ဖိုမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊ ကျက်ဆူတောကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှုအသင့်အတင့်ရှိပါသည်။ ကျေးရွာ(၁)ရွာလုံးအနေဖြင့် လယ်မြေပိုင်ဆိုင် သည့် အိမ်ထောင်စုမှာ(၁၂၇)စုရှိပြီး ကျေးရွာရှိအိမ်ထောင်စု၏ (၂၅%)ရှိပါသည်။ ကျေးရွာတွင် လယ်မြေ ဧက(၆၃၆)ကေရှိပြီး စပါးကိုသာ အဓိကစိုက်ပျိုးပြီး အခြားသီးနှံများ အနေဖြင့် မတ်ပဲသီးနှံများကို စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေး သွင်းအားစုများ၊ နည်းပညာ ဝန်ဆောင်မှုများ အနည်းငယ်ရရှိပြီး၊ မိုးရေကိုအဓိကထားစိုက်ပျိုးကြပါသည်။ အဟန့်အတား အနေဖြင့် မိုးစပါးစိုက်ပျိုးရာ တွင်မိုးနည်းသည့်ကာလများတွင် စပါးအထွက်နှုန်း လျော့နည်းခြင်း၊ ဆည်ရေ မရရှိခြင်းကြောင့် နွေစပါးစိုက်ပျိုးနိုင်မှု မရှိခြင်း ကျေးရွာအဖွဲ့အနေဖြင့် မြို့နယ်အဖွဲ့ အစည်းများနှင့် ချိတ်ဆက်မှုအားနည်းခြင်း၊ ဖျက်ပိုးများကျရောက်တတ်ခြင်း၊ စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာ/ အကူအညီမရခြင်း၊ စပါးရိတ်သိမ်းရောင်းချချိန် တွင်သွင်းအားစုအရင်းအနှီး များပြားပြီး စပါးထွက်နှုန်းလျော့နည်းခြင်းနှင့် စပါးဈေး နည်းခြင်း တို့ကြောင့်အကျိုးအမြတ် နည်းခြင်း များဖြစ်ပေါ်ပြီး စပါးမျိုးမချန်နိုင်ခြင်း၊ ပြန်လည်စိုက်ပျိုးချိန်တွင် မျိုးစေ့များအား သက်သာသောနှုန်းထားဖြင့် မရ၍ ဈေးကြီးပေးဝယ်ရခြင်း၊ စိုက်ပျိုးမြေဆီလွှာ အသင့်အတင့်ကောင်းမွန်သော်လည်း အထွက်နှုန်းတိုးလိုပါက မြေဩဇာအများအပြားထည့်ရခြင်းကြောင့် အရင်းအနှီး များခြင်း၊ မျိုးစေ့များ ပြန်လည်ဝယ်ယူချိန်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ရောင်းချသော ဈေးနှုန်းနှင့် ပြင်ပ/ပုဂ္ဂလိက စိုက်ပျိုးရေး ကုမ္ပဏီများမှ ရောင်းချသော ဈေးနှုန်းများ တူညီသော်လည်း စိုက်ပျိုးရေးဦးစီးဌာနမှ လိုသလောက်မရရှိသည့် အတွက် လယ်သမားများ မှ ပြင်ပ/ပုဂ္ဂလိက စိုက်ပျိုးရေးကုမ္ပဏီများမှ ဝယ်ယူ နေမှုများ တွေ့ရှိရပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဇယား(၈) သရက်ကုန်းကျေးရွာတွင် တိရိစ္ဆာန်မွေးမြူထားရှိမှုအခြေအနေ

စဉ်	ကျေးရွာ	နွား	သိုး	ဝက်	ဆိတ်	ကြက်	ဘဲ	ကျွဲ
၁	ကျက်ဆူတောာ	၂၁၃		၈၂	၂၄	၂၅၈၇	၂၇၀	

အုတ်ဖိုမြို့နယ်၊ ကျက်ဆူတောာကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် အိမ်တွင်မွေးမြူလျက်ရှိပြီး၊ စီးပွားဖြစ် မွေးမြူထားခြင်း မရှိပါ။ နွား နှင့် ကြက်၊ဝက်၊ဆိတ်၊ဘဲ ကိုသာမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ကျေးရွာတွင် အိမ်ထောင်စုအားလုံး၏ တစ်ပိုင်တစ်နိုင် ကြက်မွေးမြူသည့် အိမ်ထောင်စု (၆၀%) ခန့်ရှိပါသည်။ မိရိုးဖလာနည်းအတိုင်း မွေးမြူခြင်း ကြောင့် ဆုံးရှုံးမှုများပြီးအမြဲတ် ရရှိမှုနည်းခြင်း၊ ကျွဲ၊သိုး၊ဆိတ် မွေးမြူရေး လုပ်ငန်းများ အတွက် စားကျက်မြေရှားပါးသည့် အတွက်အနည်းငယ်သာမွေးမြူကြပါ။ မွေးမြူရေးဆိုင်ရာအသိပညာနှင့်နည်းပညာဝန်ဆောင်မှုများလိုအပ်လျက် ရှိကြောင်းတွေ့ရှိရပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

အုတ်ဖိုမြို့နယ်၊ ကျက်ဆူတောာကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်း များမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် လယ်ယာလုပ်ငန်းများကိုသာအဓိက လုပ်ကိုင် လျက်ရှိကြပါသည်။ အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများအတွက်နည်းပညာများရရှိပြီး ဖြစ်သော်လည်း အရင်းအနှီး စိုက်ထုတ်လုပ်ကိုင်ရန် အတွက်အခက်အခဲများရှိနေကြပါသည်။ ကျေးရွာနှင့် မြို့ပေါ် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး၊ လျှပ်စစ်မီးရရှိသောကြောင့် ထုတ်ကုန်လုပ်ငန်းများ ထုတ်လုပ်ရန် အခွင့်အလမ်း တစ်ရပ်ပင်ဖြစ်ပါသည်။ နယ်မြေလုံခြုံမှု ရှိပြီး လွတ်လပ်စွာ သွားလာ ရောင်းဝယ်နိုင်သောကြောင့်လမ်းပန်း ဆက်သွယ်ရေးမှာ တစ်နှစ်ပတ်လုံး ရာသီမရွေး သွားလာ နိုင်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

အုတ်ဖိုမြို့နယ်၊ ကျက်ဆူတောာကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သည့် အိမ်ထောင်စုများ သာ စိုက်ဘဏ်ချေးငွေများ ရရှိနိုင်ပါသည်။ ချေးငွေဝန်ဆောင်မှုအနေဖြင့် မြစိမ်းရောင် စီမံကိန်း ရရှိပြီးဖြစ်ပါသည်။ ကျေးရွာတွင် တစ်လလျှင် ချေးငွေ လိုအပ်မှုအနေအထားမှာ ယေဘုယျအားဖြင့် အသင့်အတင့် အနေအထားတွင် ရှိနေဆဲဖြစ်ပြီး ကျေးရွာနေပြည်သူ အများစုမှာ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေရရှိနေပါသော်လည်း လိုအပ်ချက်များ ရှိနေဆဲ ဖြစ်ပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

အုတ်ဖိုမြို့နယ်၊ကျက်ဆူတောကျေးရွာတွင် လယ်ယာထွက်ကုန်များအား အုတ်ဖိုမြို့သို့ သွားရောက်ရောင်းချပါသည်။ ကုန်စိမ်းနှင့်သားငါးများကို အုတ်ဖိုမြို့မစျေး တွင် အလွယ်တကူဝယ်ယူနိုင်ပြီး၊ အခြားသော လူသုံး ကုန်ပစ္စည်းများအား ဆိုင်ကယ်ဖြင့် သော်လည်းကောင်း၊ သုံးဘီးဆိုင်ကယ်၊ ကားများဖြင့် သော်လည်းကောင်း သယ်ယူပို့ဆောင် လျက်ရှိပါ သည်။ကျေးရွာတွင်အသုံးပြုမှု အများဆုံး သယ်ယူပို့ ဆောင်ရေးယာဉ်များမှာ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ နှင့် ကားများကို အသုံးပြုကြပါသည်။ ကျေးရွာသည် အုတ်ဖို – ကြက်ဆူတော – သရက်ကုန်း – ညောင်နီကုန်းရွာချင်းဆက်လမ်းဘေးတွင်ရှိပြီး လမ်းပန်းဆက်သွယ်ရေး အနေမှာ အသင့်အတင့်ရှိပါသည်။ ကျေးရွာရှိ ရွာတွင်း လမ်းမကြီး၏ စုစုပေါင်း အရှည်မှာ ပေ(၃၀၀၀)ခန့်ရှည်လျားပြီး မြေသားလမ်းဖြစ်သည့် အတွက် သွားလာရေးအသင့်အတင့်ရှိပါသည်။

(ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး

အုတ်ဖိုမြို့နယ်၊ ကျက်ဆူတောကျေးရွာတွင် **မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး အသုံး ပြုနေကြသည့် အိမ်ထောင်စုမှာ** (၄၆%) **ရှိပြီး ကျေးရွာ မီးကော်မတီမှ ပြုပြင်ထိန်းသိမ်းမှု စနစ်မှာလည်း ကောင်းမွန်ပါ သည်။**

(ဂ) ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦ

အုတ်ဖိုမြို့နယ်၊ ကျက်ဆူတောကျေးရွာတွင် ဆက်သွယ်ရေး၊ သတင်းအချက် လက်နည်းပညာနှင့် ပတ်သက်၍ အိမ်တိုင်းနည်းပါး တယ်လီဖုန်း၊ Radio, TVများ အများအပြား အသုံးပြုလျက် ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ရှိပြီး ကျေးရွာအနီး ပတ်ဝန်းကျင်တွင် သက်ဆိုင်ရာ ဆက်သွယ်ရေးတာဝါတိုင်များ တည်ရှိသဖြင့် ကျေးရွာ သူ/သားများမှာ ကြိုးမဲ့ဆက်သွယ်ရေး ဆင်းကဒ်များ ဖြစ်သော MPT, Ooredoo, Telenor, Mytel (၄)မျိုးစလုံး အသုံးပြုနိုင်ပြီး စီးပွားရေး အနေဖြင့် စျေးကွက်များနှင့် သတင်းအချက် အလက်များအား အချိန်နှင့်တပြေးညီ ရယူနိုင်သည့် အပြင် ဆက်သွယ်ရေးဆိုင်ရာ ဗဟုသုတ များနှင့် နည်းပညာဆိုင်ရာ အချက်အလက်များကိုလည်း လျင်မြန် လွယ်ကူစွာ ရရှိ နိုင်ပါသည်။

၇။ ပညာရေး

အုတ်ဖိုမြို့နယ်၊ ကျက်ဆူတောကျေးရွာတွင် အလယ်တန်းကျောင်း ဖွင့်လှစ်သင်ကြား လျက်ရှိပြီး၊ သွပ်မိုး၊ အုတ်နံရံကာများဖြင့် တည်ဆောက်ထားသော ကျောင်းဆောင်များမှာ အရည် အသွေး ကောင်းမွန်ပါသည်။ အထက်တန်းအဆင့် ကျောင်းမရှိသဖြင့် ကလေးအများစုမှာ နီးစပ်ရာ အုတ်ဖိုမြို့စာသင်ကျောင်းသို့ ပညာရေးဝန်ဆောင်မှု များကို လက်လှမ်းမီရယူ ကြပါသည်။ ကျောင်းအာဟာရတိုက်ကျွေးမှု အစီအစဉ်မှာလည်း အသင့်အတင့်ရှိပါသည်။ အတန်းပညာ ပြီးမြောက်မှုများတွင် ဘွဲ့ရလူငယ်နည်းသော်လည်း အလုပ်လုပ်နိုင်သည့် အရွယ်များသောကြောင့် လုပ်ငန်းခွင်ဝင်နိုင်သည့် လူသားအရင်းအမြစ် တစ်ရပ်ပင်ဖြစ်ပါသည်။ လူငယ်များမှာ အလုပ်အကိုင် ရှားပါးမှုနှင့် အသက်မွေးဝမ်းကျောင်း နည်းပညာ အားနည်းခြင်းများကြောင့်၊ သင်တန်းများပို့ချပေးပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် လိုအပ်သော ရင်းနှီးငွေ / ချေးငွေများ ပံ့ပိုးပေးပြီးနောက် လုပ်ငန်းများ ဖွင့်လှစ်ဆောင်ရွက် ပါက ဝင်ငွေအသင့်အတင့် ရလာနိုင်မည်ဖြစ်ပါသည်။

၈။ ကျန်းမာရေး

(က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ

အုတ်ဖိုမြို့နယ်၊ ကျက်ဆူတောကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိသည့်အတွက် အမျိုးသမီးများနှင့် ကလေးသူငယ်များ ကျန်းမာရေးစောင့်ရှောက်မှုများအသင့်အတင့်ရရှိပြီးအရေးပေါ်လူနာများအတွက် ကျေးရွာမှ (၂)မိုင်ခန့် ဝေးသော အုတ်ဖိုမြို့နယ်ဆေးရုံသို့သွားရောက်ကုသကြပါသည်။ ကျေးလက်နေ ပြည်သူများ အကြားဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေး ရောဂါများသည် ရာသီအလိုက်ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ ဖြစ်ပွားရသော အကြောင်းအရင်းများကို ဖော်ထုတ်ဖယ်ရှားပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး တို့အတွက် ကျန်းမာရေး အသိပညာပေးခြင်းတို့အား ဆောင်ရွက် ပေးသင့်ပါသည်။ ကျန်းမာရေးဦးစီးဌာနမှလည်း သတ်မှတ်အရွယ် ရောက်သူတိုင်းအား သတ်မှတ်ကာလ များတွင် ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက် ထိုးပေးလျက် ရှိပါသည်။

(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

အုတ်ဖိုမြို့နယ်၊ ကျက်ဆူတောကျေးရွာတွင် သောက်သုံးရေကို ရေတွင်းများ၊ လက်နှိပ် တုံကင်တွင်းများ သုံးစွဲကြပြီး၊ ကျေးရွာရှိအိမ်ထောင်စုအားလုံးအတွက် သန့်ရှင်းသော သောက်သုံးရေကိုရရှိပြီး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးပိုင်းတွင် ကျေးလက်ဒေသ၏

ယင်လုံအိမ်သာသုံးစွဲမှုမှာ (၁၀၀%)**ရှိသဖြင့် ကျေးရွာ သူ/သားများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အသင့်အတင့်ရှိ၍ တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးမှုမှာလည်း အသင့်အတင့်ရှိပါသည်။**

၉။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း

(က) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း

အုတ်ဖိုမြို့နယ်၊ ကျက်ဆူတောကျေးရွာတွင် စိုက်ပျိုးမြေဆီလွှာအနေအထားကောင်းမွန်သောကြောင့် စပါးစိုက်ပျိုးရာတွင် အထောက်အကူဖြစ်ပါသည်။ မြေဆီလွှာကောင်းမွန် သော်လည်း နွေရာသီတွင် မြစ်ချောင်းအင်းအိုင်နည်းပါးပြီး ဆယ်ရေမရှိသည့်အတွက် မတ်ပဲသီးနှံကိုသာ အဓိကထားစိုက်ပျိုးကြပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိပ်ခွံ၊ ဘူးခွံများကို စနစ်တကျစွန့်ပစ်ရန်အတွက် အမှိုက်ကန်လိုအပ်ပါသည်။ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့် ပါသည်။

(ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း

အုတ်ဖိုမြို့နယ်၊ ကျက်ဆူတောကျေးရွာသည် မြန်မာနိုင်ငံ၏ အလယ်ပိုင်းတွင် ကျရောက်သော ကျေးရွာဖြစ်သည့်အလျောက် သင့်တင့်သောရာသီဥတုရှိပါသည်။ လူထုအခြေပြု သဘာဝ ဘေးအန္တရာယ် လျော့ချရေး အစီအစဉ်များ ဆောင်ရွက်နိုင်မှု မရှိသေးပါ။ ကျေးရွာသည် တရားဥပဒေစိုးမိုးမှုရှိပြီး တည်ငြိမ်အေးချမ်းမှုရှိသောကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုမှာ အဆင်ပြေ ချောမွေ့လျက်ရှိပါသည်။ မှုခင်းများကာကွယ် တားဆီးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အခါအားလျော်စွာ မှုခင်းကျဆင်းရေး ပညာပေး ဟောပြောပွဲများအား (၁)နှစ် (၁)ကြိမ် ဟောပြောပြုလုပ်ပေးလျက်ရှိပါသည်။

၁၀။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

အုတ်ဖိုမြို့နယ်၊ကျက်ဆူတောကျေးရွာအတွင်းရှိမိဘများသည်သားသမီးများကိုပညာသင်ကြားမှုအပိုင်းတွင်ကျား/မ ခွဲခြားသတ်မှတ်ခြင်းမရှိဘဲတန်းတူပညာသင်ကြားခွင့်ရှိကြပါသည်။ မိသားစု စားဝတ်နေရေး အခြေအနေအလိုက်သာ ပညာသင်ကြားခွင့်ကို သက်ရောက်မှု ရှိစေနိုင်သည်။ နေ့စားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများတွင် ကျားမတန်းတူ အခွင့်အရေးရရှိပါသော်လည်း နေ့စားလုပ်အားခသတ်မှတ်ရာတွင် အမျိုးသမီးများမှာ အမျိုးသားများထက် လုပ်အားခရရှိမှု ပိုနည်းသည် ကိုတွေ့ရှိရပါသည်။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်း အကြမ်းဖက်မှုနှင့် ကျားမခွဲခြားဆက်ဆံမှုတို့မှာ အများအားဖြင့် နည်းပါးသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းနှင့် ကျေးရွာ သာရေး နာရေးကိစ္စရပ်များတွင် **အမျိုးသမီးများ တက်တက်ကြွကြွပါဝင် လုပ်ဆောင်ကြပါသည်။**

သရက်ကုန်းကျေးရွာအုပ်စု၊ ကျက်ဆူတောကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁။	ဦးမျိုးလှိုင်ဦး	ဦးတင်လှိုင်	ဂ/အဖန(နိုင်)၀၅၉၈၉၀	**ဥက္ကဋ္ဌ**	၀၉-၄၃၀၁၉၂၅၇	
၂။	ဦးတင်အောင်	ဦးဆာမိ	ဂ/အဖန(နိုင်)၀၂၀၀၂၉	အတွင်းရေးမှူး	၀၉-၄၂၃၆၉၁၄၃၃	
၃။	ဦးကျော်မျိုးခိုင်	ဦးခင်ရှိန်	ဂ/အဖန(နိုင်)၀၆၇၂၇၄	**ဥက္ကဋ္ဌ (ဘဏ္ဍာရေးမှူး)**	၀၉-၄၂၃၆၉၆၆၃၇	
၄။	ဒေါ်တင်လဲ့ဝင်း	ဦးတင်မင်း	ဂ/အလန(နိုင်)၀၉၈၀၄၅	စေတနာ့ဝန်ထမ်း	၀၉-၂၅၇၅၄၀၂၃၀	
၅။	ဒေါ်အေးအေးမော်	ဦးအေး	ဂ/အဖန(နိုင်)၀၀၁၁၇၉	စေတနာ့ဝန်ထမ်း	၀၉-၄၀၆၃၁၉၁၁၉	
၆။	ဦးဝင်းလေး	ဦးတင်အောင်	ဂ/အဖန(နိုင်)၀၀၄၂၈၅	ဝယ်ယူရေး**အဖွဲ့ဝင်**	၀၉-၆၇၆၆၀၁၄၄၇	
၇။	ဦးရဲရင့်အောင်	ဦးတင်အောင်	ဂ/အဖန(နိုင်)၀၆၇၃၂၄	ဝယ်ယူရေး**အဖွဲ့ဝင်**	၀၉-၄၂၃၆၇၃၇၄၁	
၈။	ဒေါ်သူဇာမျိုး	ဦးမျိုးဝင်း	ဂ/အဖန(နိုင်)၀၈၉၅၀၈	စာရင်းကိုင်	၀၉-၆၇၁၅၅၂၁၄၂	
၉။	ဦးထွန်းထွန်းနိုင်	ဦးအေးချို	ဂ/မလန(နိုင်)၀၉၁၆၅၆	**ဥက္ကဋ္ဌ**(ဝယ်ယူရေး)	၀၉-၆၉၄၁၇၈၇၆	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁၂	၇	၁၉		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၄	၃၄	၅၈		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၆၂	၇၄	၁၃၆	၁	
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၈၇	၉၄	၁၈၁		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၆၄၄	၆၈၄	၁၃၂၈	၃	၇
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၇၇	၁၂၁	၁၉၈		၁
စုစုပေါင်း		၉၀၆	၁၀၁၄	၁၉၂၀	၄	၈
စုစုပေါင်း အိမ်ထောင်စု		၄၉၉				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျက်ဆူတောကျေးရွာတွင် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ ကူညီထောက်ပံ့မှုရှိပါသော်လည်း အသက်(၈၀)ကျော်မှသာထောက်ပံ့မှုရှိခြင်း၊ မသန်စွမ်းသက်ကြီးရွယ်အိုများအား မိသားစုအစီအစဉ်ဖြင့် ထောက်ပံ့လျက်ရှိပါသည်။ ကျေးရွာတွင် အခြေတကျနေထိုင်သူများ၍ ရွှေ့ပြောင်းနေထိုင်သူ မရှိကြောင်း တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၁၂၇	၅၁၆	၁၉	၂၅၃	၂၆၃		မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၅၇	၂၉၈		၁၉၈	၁၀၀		မြင့် ☐လတ် ☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၃၀	၃၇		၁၆	၂၁		မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၈	၂၁		၁၅	၆		မြင့် ☐ လတ်☐ နိမ့် ☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင်လုပ်ငန်း	၂	၃	၁		၃		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၅၃	၂၁၄		၁၀၄	၁၁၀		မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင်							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၄		၃	၁		မြင့် ☐ လတ်☑ နိမ့် ☐
	စုစုပေါင်း	၄၇၉	၁၀၉၃	၂၀	၅၈၉	၅၀၄		☒

မှတ်ချက်။။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”**ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းပြုကြပြီး အခြားဝင်ငွေရလုပ်ငန်းများဖြစ်ကြသည့် ကျပန်း/ရောင်းဝယ်ရေးများတွင်လည်းလုပ်ကိုင် ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၆၀၀၀	၆၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၈၀၀၀	၆၀၀၀	၆၀၀၀	၅၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၁၀၀၀၀	၇၀၀၀	၈၀၀၀	၅၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၇၀၀၀	၈၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား			၈၀၀၀	၅၀၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	လခ စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကျက်ဆူတောကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအဓိကလုပ်ကိုင်ပြီး အလုပ်သမား လုပ်အားခများအနေဖြင့် အမျိုးသား/သမီး အနည်းငယ်ကွာဟမှုရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် လုပ်အားခတိကျသတ်မှတ်မှုမရှိပါ မိမိလုပ်ကိုင်နိုင်လျှင် နိုင်သလောက် လုပ်အားခ ရရှိကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၆၁၉	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ(ကျွန်းမျှော)	၁၇	ကောင်း ☐	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၆၃၆	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျက်ဆူတောကျေးရွာတွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းသာအဓိကလုပ်ကိုင် ကြသဖြင့် အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူများအနည်းငယ်သာရှိပါသည်။ စိုက်ပျိုးမြေကိုသာ အဓိကထား ပိုင်ဆိုင်ကြပြီး မြေဆီလွှာအရည်အသွေးမှာ သင့်အနေအထား ရှိပါသည်။ ရာသီဥတုမှန်သည့်နှစ်တွင် စပါးအထွက်တိုး၍ အနည်းဆုံး(၄၀)တင်းမှ အများဆုံး(၆၀)တင်း ထွက်ရှိပြီး အထွက်နှုန်းကောင်းမွန်ပါသည်။မိုးနည်းပါက အနည်းဆုံး(၃၀)တင်းမှ အများဆုံး(၄၀)တင်းထွက်ရှိပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ
ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☑ နည်း ☐မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေအောက်ရေ	များ ☐ သင့်☑ နည်း ☐	လွယ် ☑ ခက်☐	လျော့ ☐ တိုး ☑

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
(တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	မရှိ ☐	အသုံးမပြုနိုင်ပါ ☐	အပြောင်းအလဲမရှိ ☐
သစ်တော – အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော – ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အနီးနားပတ်ဝန်းကျင်တွင် သတ္တုနှင့်အခြားတွင်းထွက်ပစ္စည်းများမရှိပါ။ မြေပေါ်ရေနှင့် မြေအောက်ရေ ၏ အရင်းအမြစ်များသည်ကျေးရွာအနေဖြင့် အသုံးချနိုင်မှုရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသောအိမ်ထောင်စု	အလယ်အလတ်ရှိတေအိမ်ထောင်စု	မပြေလည်သောအိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၆၀	၃၅	၂၂	၁၈၁

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ သရက်ကုန်းကျေးရွာရှိ (၄၉၉)စုရှိသည့်အနက် မပြေလည်သောအိမ်ထောင်စုမှာ (၂၂၃) စုရှိပြီး၊ အလွန်မ ပြေလည်သည့် အိမ်ထောင်စုမှာ **(၁၈၁**)ရှိပါသည်။ဂင်းအိမ်ထောင်စုများအနက် အဆင့်၃နှင့် အဆင့်၄ အိမ်ထောင်စုများသည် ကျပန်း လုပ်ကိုင်ဆောင်ရွက်နေကြပြီး အလုပ်ကိုင်အခွင့်အလမ်းနည်းပါးခြင်း ကုန်စျေးနှုန်းကြီးမြင့်ခြင်းနှင့် ကျေးရွာမှ အိုးမကွာအိမ်မကွာ လုပ်ကိုင်ဆောင်ရွက်နေခြင်းများကြောင့် ဝမ်းစာဖူလုံမှုနည်းပါးရခြင်းဖြစ် သည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၂၂၃	၂၀	အခြားအစားပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၂၄၃ လုပ်အားခကြိုယူ =၀
၃လနှင့်၆လကြားဝမ်းစာဖူလုံမှု	၃၅		အခြားအစားပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၃၅ လုပ်အားခကြိုယူ = ၀
၆လမှ၁၂လအထိဝမ်းစာဖူလုံမှု	၆၀		အခြားအစားပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၆၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဥစ္စာဓနအဆင့်(၄) (၃၅)အိမ်ထောင်စုနှင့် ဥစ္စာဓနအဆင့်(၃)လည်း အိမ်ထောင်စု (၆၀)စုရှိပါသည်။ ကျေးရွာတွင် ဝမ်းစာဖူလုံမှုအခြေအနေ စစ်တမ်းကောက်ယူရာတွင် အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးသည့်ကျေးရွာဖြစ်သဖြင့် အဆိုပါအိမ်ထောင်စုများသည် ဝမ်းစာဖူလုံရန်အတွက် အခက်အခဲရှိကြောင်းတွေ့ရှိရပါသည်။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ နှင့် ဥစ္စာဓနအဆင့် (၃)နှင့် (၄)အိမ်ထောင်စုများ ၏ ဝမ်းစာဖူလုံမှုမရှိ၍ ချေးငွေယူရသည့် အခြေအနေများရှိခဲ့ပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၁၈		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၂		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောသက်ကြီးရွယ်အို များ မသန်စွမ်းပုဂ္ဂိုလ်များအတွက် ကျေးရွာမှ ခက်ခဲသောမိသားစုများအား ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေထဲမှ ကူညီထောက်ပံ့မှုရှိခဲ့ပါသည်။ ပညာရေး၊ကျန်းမာရေး၊ သာရေး/နာရေးများအတွက် ဆင်းရဲ၍ ခက်ခဲသော ကျောင်းသူ/ သားများ မသန်စွမ်းပုဂ္ဂိုလ်များအတွက် ကူညီထောက်ပံ့နိုင်ရေး ကျေးရွာမှ ထောက်ပံ့ဆောင်ရွက်လျက်ရှိသည်။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓			✓		
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒီရေ	✓			✓		
၄	ဆူနာမီ	✓			✓		
၅	တိုင်ဖုန်းမုန်တိုင်း	✓			✓		
၆	လေဆင်နာမောင်း	✓			✓		
၇	ငလျင်	✓			✓		
၈	အပူလှိုင်း		✓		✓		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✓			✓		
၁၀	အအေးလှိုင်း	✓			✓		
၁၁	မိုးသီးကြွေကျမှု	✓			✓		
၁၂	မိုးခေါင်ခြင်း	✓			✓		
၁၃	တောမီးလောင်ခြင်း	✓			✓		
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓			✓		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓			✓		
၁၆	မြေပြိုခြင်း	✓					
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓			✓		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)		✓		✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓			✓		
၂၀	သစ်တောပြုန်းတီးခြင်း	✓			✓		
၂၁	၄က်ဖျားရောဂါ	✓			✓		
၂၂	တီဘီရောဂါ	✓			✓		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓			✓		
၂၄	ကပ်ရောဂါ	✓			✓		
၂၅	ပြည်တွင်းပဋိပက္ခ	✓			✓		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓			✓		
၂၇	လူကုန်ကူးခြင်း	✓			✓		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	✓			✓		

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက် ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့်အိမ်ထောင်စု ၁၀၀ တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဖြစ်လေ့ဖြစ်ထရှိသော သဘာဝဘေးအန္တရာယ်မရှိခဲ့ပါသော်လည်း လူကြောင့် ဖြစ်တတ်သော ဘေးအန္တရာယ်များကို လျော့ချနိုင်ရေးအတွက် ကြိုတင်စီမံချက်များ ချမှတ်လေ့ကျင့် ရေးဆွဲထား သင့် ပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓			✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု		✓		✓		
၃	ဆင်းရဲသားတောင်သူ		✓		✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါ	✓					

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
	ထူပြောသောဒေသတွင်နေထိုင်သူ						
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✓					
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✓					
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		✓		✓		
၁၁	လူနည်းစုလူမျိုးများ	✓					
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	✓			✓		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	✓			✓		
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီးအသက်မွေးသူများ						

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြ ပါသနည်း။ လေ့လာတွေ့ရှိချက်။ ။ အုတ်ဖိုမြို့နယ် ၊ကျက်ဆူတောကျေးရွာတွင် ကျေးရွာ၏ထိခိုက်လွယ်မှု အခြေအနေများကို သက်ရောက်မှု ခံနိုင်ရသည့်သူများမှာ ဆင်းရဲသောတောင်သူများ ၊အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု၊ လက်လုပ်လက်စားများ ၊ ကျပန်းများ လုပ်သားများ ဖြစ်ကြောင်း တွေ့ရှိရပါ သည်။သဘာဝဘေး အန္တရာယ်ကြုံတွေ့လာပါက ထိခိုက်လွယ်အုပ်စုများအား အချိန်မီ ကူညီထောက်ပံ့နိုင်ရေး ကျေးရွာတွင်းရန်ပုံငွေတစ်ရပ်စီစဉ်၍ ကူညီထောက်ပံ့သွားပါမည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ပရဟိတအဖွဲ့	၁☑၂☐၃☐	၄	၃	၇	ပညာရေး☐ ငွေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၂		၁☐၂☐၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☐ ညံ့☐
၃		၁☐၂☐၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☐ ညံ့☐
၄		၁☐၂☐၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ ညံ့☐
၅		၁☐၂☐၃☐				ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ ညံ့☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၆		၁□၂□၃□				ပညာရေး☑ငွေကြေး□ ကျန်းမာရေး☑ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၇		၁□၂□၃□				ပညာရေး☑ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၈		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းများဖြစ်ကြသော ပရဟိတအဖွဲ့များ စနစ်တကျဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ဆောင်ရွက်ရန် လိုအပ်လာပါက တစ်စည်းတစ်လုံးတည်းတက်တက်ကြွကြွ ဆောင်ရွက်လျက်ရှိပြီး ရေရှည်တွင်လည်း ပိုမိုအားကောင်းသော အဖွဲ့အစည်းများဖြင့် ဖွံ့ဖြိုးရေးလုပ်ကိုင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာ တစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	မြို့နယ်အုပ်ချုပ်ရေးအဖွဲ့	၁□၂□၃☑၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑
၂	ပုဂ္ဂလိကချေးငွေအဖွဲ့အစည်းများ	၁□၂☑၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး☑ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊

အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ အုတ်ဖိုမြို့နယ် ၊သရက်ကုန်းအုပ်စု ၊ ကျက်ဆူတောကျေးရွာတွင် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကချေးငွေလုပ်ငန်းများရှိပြီး ချေးငွေလာရောက်ချေးပေးရာတွင် ကျေးရွာတွင်းမှ အချို့သောအိမ်ထောင်စုအနည်းငယ်သာ ချိတ်ဆက်၍ ချေးငွေများ ယူလျက်ရှိပါကြောင်း တွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၃၃၉	၃၃	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၁	၆	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၃၆	၉	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၄၃	၂	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၈	၂	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၄၉၉		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းပြုကြပါသည်။ မြေယာမဲ့အိမ်ထောင်စု (၃၇၂)စုရှိပါသည်။ ဆင်းရဲသားတောင်သူ(၂၇)ဦး၊တောင်သူငယ်(၄၅)ဦး၊ တောင်သူလတ်(၄၅)ဦး၊တောင်သူကြီး(၁၀)ဦး ရှိပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)

စဉ်	အရင်းအမြစ်	ရေသောက် (၎က)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်☑ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်င်ရေတွင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ☑မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။ လေ့လာတွေ့ရှိချက်။ ကျေးရွာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သော်လည်း နွေရာသီတွင် ရေလုံလောက်မှုမရှိသည့် အတွက်မတ်ပဲသီးနှံကိုသာအဓိကထားစိုက်ပျိုးလျှက်ရှိပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ			
မိုးစပါး	၆၃၆	တင်း	၄၀	၆၀	၅၀	၅	၉	မြင့်☑လတ်☐နိမ့်☐	မြင့်☐လတ်☑နိမ့်☐	မြင့်☑လတ်☐နိမ့်☐
မတ်ပဲ	၆၃၆	တင်း	၇	၂၀	၁၃	၁၀	၂	မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☑နိမ့်☐
								မြင့်☐လတ☐နိမ့်☐	မြင့်☐လတ☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐
								မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐
								မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ☐နိမ့်☐
								မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ များပြားပြီး စိုက်ပျိုးသီးနှံများ၏ အထွက်နှုန်းမှာ ကောင်းမွန်ပါသည်။သွင်းအားစုများဖြစ်သည့် မြေဩဇာ/ပေါင်းသတ်ဆေး စသည်တို့လည်းလိုအပ်ချက်ရှိပါသည်။ သီးနှံအထွက်နှုန်းအနေဖြင့် အသင့်အတင့်ကောင်းမွန်သော်လည်း သွင်းအားစုကုန်ကျစရိတ်များပြားသည့်အတွက်အမြတ်ငွေရရှိမှု နည်းပါးကြောင်း တွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၃			၃၀
လက်တွန်းထွန်စက်	၁၃			
အစေ့ချကိရိယာ	၁			
ရိတ်သိမ်းခြွေလှေ့စက်	၂			
ရိတ်သိမ်းစက်				

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ခြွေလှေ့စက်	၃			
ရေစုပ်စက်	၃၉			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၁			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လှေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများရှိသဖြင့် စိုက်ပျိုးရေးသုံး ခေတ်မီစက်များပိုင်ဆိုင်မအသင့်အတင့်အသုံးပြုနိုင်ပါသည်။ လက်ရှိတွင် ခါတ်ဆီစျေးများ မြင့်တက်မှုများကြောင့် ထွန်ယက်စရိတ်များမြင့်မားလာ၍ စက်မှုလယ်ယာ ဦးစီးဌာနမှ သင့်တင့်သော စျေးနှုန်းများဖြင့် ငှားရမ်း ထွန်ယက် နိုင်ပါက ကျေးရွာအိမ်ထောင်စုများ အဆင်ပြေနိုင်ပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☑
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☑
စိုက်ပျိုးရေးအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ရသည်☑မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ရနိုင်သည်☑မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊ မိုးရေချိန်)	ထိခိုက်သည်☑ မထိခိုက်ပါ ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ကျက်ဆူတောကျေးရွာတွင် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးစေရန်အတွက် သွင်းအားစုများဖြစ်သည့် စပါးမျိုးကောင်းမျိုးသန့်များစွာဖြင့်ဝယ်ယူအသုံးချနိုင်လျှင် သီးနှံအထွက်နှုန်း တိုးရန် အခက်အခဲများဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှုများကြောင့်လည်း သီနှံအထွက်နှုန်း ထိခိုက်မှုရှိပါ သည်။

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**မြေဆီဩဇာမကောင်း☑ ရာသီဥတုမမှန်☑မဖြေဆိုပါ☐**
လယ်ယာမြေအသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑ လယ်ယာမြေဆုံးရှုံးမှုများသည်☐** **လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☑** **ပလပ်မြေများရှိသည်☐** **ပလပ်မြေအသင့်အတင့်ရှိသည်☐မဖြေဆိုပါ☐**
စိုက်ပျိုးရေအရင်းအမြစ်	**အလွယ်တကူမရနိုင်☑လုံးဝမရ☐ မဖြေဆိုပါ☐**
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐**
သီးနှံမျိုးစေ့ရရှိနိုင်မှု	**အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐**
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ	**အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐**
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	**အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐**
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	**အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑**
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	**သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☑** **သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐မဖြေဆိုပါ☐**
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	**ဆိုးရွားစွာကျ☐အသင့်အတင့်ကျ☑ အနည်းငယ်☐မဖြေဆိုပါ☐**
ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့်ပတ်သက်သောသတင်းအချက်အလက်လက်လှမ်းမီမှု	**အလွယ်တကူမရနိုင်☐ လုံးဝမရ☐မဖြေဆိုပါ☑**
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့် သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလက်လှမ်းမီမှု	**အလွယ်တကူမရနိုင်☐ လုံးဝမရ☐မဖြေဆိုပါ☑**

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျက်ဆူတောကျေးရွာသည် စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပြဿနာနှင့် အခက်အခဲမှာ စိုက်ပျိုးရေအရင်းအမြစ်အလွယ်တကူမရရှိခြင်းကြောင့်စပါးကိုလယ်ယာမြေများတွင် တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ခြင်းမရှိဘဲ မိုးရာသီတွင်သာ စိုက်ပျိုးနိုင်ခြင်းဖြစ်ကြောင်းတွေ့ရှိရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဧယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၂	၁၉၂
နို့စားနွား	၆	၂၁
ကျွဲ		
မြင်း	၅	၇
မြည်း		
လား		
ဆိတ်	၂	၂၄
သိုး		
ဝက်	၁၅	၈၂
ကြက်	၂၃၀	၂၅၈၇
ဘဲ	၇	၂၇၀
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်းမွေးမြူရေးလုပ်ငန်း	-	-
ရေချိုငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် မွေးမြူရေးလုပ်ငန်းများဖြင့် စီးပွါးဖြစ်လုပ်ကိုင်ဆောင်ရွက်သည့် အိမ်ထောင်စုအရေအတွက်နည်းပါးပြီး တစ်ပိုင်တစ်နိုင်လုပ်ငန်း၊ လယ်ယာမဲ့အိမ်ထောင်စုများ ပြားသဖြင့် ကျပန်းအလုပ်များကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်**(မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား ၂၀နှင့် ၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ□အသင့်အတင့်☑ မဖြေဆိုပါ□
ရေရရှိမှု	အလုံအလောက်ရနိုင်□အသင့်အတင့်ရနိုင်☑မဖြေဆိုပါ□
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	**မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်□မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝ ယ်ယူရနိုင်☑မဖြေဆိုပါ□**
ချေးငွေ	**ချေးငွေလွယ်ကူစွာရနိုင်□ချေးငွေအသင့်အတင့်ရနိုင်☑မဖြေဆိုပါ□**
သွင်းအားစု (**မွေးမြူရေးအစာ၊ ဆေးစသည်**) ဈေးကွက်	**သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်□ သွင်းအားစုများဝယ်ယူနိုင်သည်☑မဖြေဆိုပါ□**
ဝန်ဆောင်မှုနှင့်နည်းပညာ ပံ့ပိုးမှု	**နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူ ရနိုင်သည်။□ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။☑ မဖြေဆိုပါ□**
ထုတ်ကုန်ရောင်းဝယ်မှု	**ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□ ထုတ်ကုန်များကိုရောင်းချနိုင်သည်☑မဖြေဆိုပါ□**
အိမ်ခြံဝင်းအတွင်းမြေနေရာလုံ ေလာက်မှု	**အလုံအလောက်ရှိသည်□အသင့်အတင့်ရှိသည်☑ မဖြေဆိုပါ□**
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန်ရေမြေ အနေအထား	**အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ□ မဖြေဆိုပါ□**
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	**လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည်□ ဝယ်ယူရနိုင်သည်□ မဖြေဆိုပါ□**
ချေးငွေ	**လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည်□ချေးငွေရနိုင်သည်□ မဖြေဆိုပါ□**
